ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် အစိုးရ
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန
ကျောက်တန်းမြို့နယ်

# လူထုဗဟိုပြုစီမံကိန်း(ဒုတိယနှစ်စက်ဝန်း)

# National Community Driven Development Project (NCDDP)



## ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်

## Village Development Plan (VDP)

အဂကောက်ကျေးရွာ၊ မရမ်းဘေးကျေးရွာအုပ်စု

၂၀၁၈ ခုနှစ် ကျောက်တန်းမြို့

မာတိကာ


၁။ကျောက်တန်းမြို့နယ်မြေပုံ .......... 2

၂။မရမ်းဘေးကျေးရွာအုပ်စုမြေပုံ .......... 2

၃။ကျေးရွာအုပ်စုတွင်ပါဝင်သောကျေးရွာစာရင်းနှင့် ကျေးရွာသမိုင်းကြောင်း .......... 3

၄။ကျေးရွာအခြေခံအချက်အလက်များ .......... 5

၅။လူထုပူးပေါင်းပါဝင်သောလူမှုဆန်းစစ်ခြင်းနှင့်အကဲဖြတ်ခြင်းလုပ်ငန်းစဉ် (PSA/PRA) အကျဉ်းချုပ် .......... 6

၆။ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သော PRA tools များနှင့်တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ .. 7

၇။ကော်မတီဝင်များရွေးချယ်ခြင်းနှင့်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ဆောင်ရွက်မှုမှတ်တမ်းဓါတ်ပုံများ .......... 15

၈။ ကျေးရွာကော်မတီဝင်များစာရင်း .......... 19


၉။ပုံစံ-၁။ကျေးရွာအချက်အလက် .......... 23

၁၀။ပုံစံ-၃။ကျေးရွာဖွံ့ဖြိုးရေးဦးစားပေးအစီအစဉ် .......... 27


၁၁။အစည်းအဝေးမှတ်တမ်းများ .......... 31

၁၂။ကျေးရွာဖွံ့ဖြိုးရေးစီမံချက်အရည်အသွေးထိန်းချုပ်မှု (Checklist for VDP) .......... 32

## ၁။ ကျောက်တန်းမြို့နယ် မြေပုံ


ကျောက်တန်းမြို့နယ်ရှိ ကျေးရွာများ အခြေပြမြေပုံ
သန်လျင်မြို့နယ်
သုံးခွမြို့နယ်
ကျောက်တန်းမြို့
ရန်ကုန်မြစ်
မုတ္တမပင်လယ်ကွေ့
ရည်ညွှန်းချက်
ကွန်ကရစ် (ဘီးနှစ်ဖက်) -
ကွန်ကရစ် -
ကတ္တရာ -
ကျောက် -
ဂဝံ -
မြေ -

## ၂။ မရမ်းဘောကျေးရွာ အုပ်စုမြေပုံ




## ၃။ ကျေးရွာအုပ်စုတွင်ပါဝင်သော ကျေးရွာစာရင်းများ

၁။ မရမ်းဘောကျေးရွာ

၂။အာပဂကောက်ကျေးရွာ

၃။သုခအောင်ကျေးရွာ

၄။အောင်သပြေကျေးရွာ

## ၄။ ကျေးရွာအခြေခံအချက်အလက်များ

### ၁။ ကျေးရွာသမိုင်းအကျဉ်း

အဂကောက်ကျေးရွာသည် ရန်ကုန်တိုင်းဒေသကြီး၊ တောင်ပိုင်းခရိုင်၊ ကျောက်တန်းမြို့နယ်နှင့် (၂၂) မိုင်ခန့်ကွာဝေးသော ရွာတစ်ရွာဖြစ်ပါသည်။ ရှေးအခါက မရမ်းဘေးချောင်းသည် မုတ္တမပင်လယ်ကွေ့အတွင်းသို့ စီးဝင်ရာတွင် မရမ်းဘေးချောင်းဂမှာ ကောက်နေသည်ကို အစွဲပြု၍ အဂကောက်ဟု ခေါ်တွင်ခဲ့ရာမှ အဂကောက်ကျေးရွာဟု ခေါ်ဆိုခဲ့ပါသည်။ လယ်သမားများ၏ စပါးများကို သယ်ယူရာတွင်သမ္ဗာန်ကြီးများဖြင့် မရမ်းဘေးချောင်းအား အဓိကအားထား ရပြီး ကူးသန်းရောင်းဝယ်ရေးအတွက်လည်း ရေလမ်းခရီးကိုသာ အဓိကအသုံးပြုရပါသည်။ကျေးရွာ၏ သက်တမ်းမှာနှစ်ပေါင်း (၂၅၀) ကျော်ခန့်ကြာမြင့်သည်ဟု ရှေးလူကြီးများပြောကြားသောမှတ်တမ်းမှတ်ရာများအရသိရှိရပါသည်။ယခုအခါမရမ်းဘေးချောင်းသည်ကော်လာပြီးချောင်းငယ်လေးအဖြစ်အဂကောက်ကျေးရွာ၏ အနောက်ဘက်မှ ဖြတ်သန်းစီးဆင်းနေပြီး အနောက်ဘက်တွင် သုံးခွမြို့နယ်၊မြောက်ဘက်တွင်မရမ်းဘေးကျေးရွာ၊အရှေ့ဘက်တွင်ပုတ္တလုပ်ကျေးရွာ၊တောင်ဘက်တွင်အောင်သပြေကျေးရွာ၊သုခအောင်ကျေးရွာနှင့်မုတ္တမပင်လယ်ကွေ့တို့နှင့်နယ်နမိတ်ချင်းထိစပ်နေပါသည်။အဂကောက်ကျေးရွာ အမည်တွင်စဉ်က အိမ်ထောင်စု ၁၅အိမ်လောက်ဖြင့်ရွာစတင် တည်ခဲ့ပါသည်။ ယခုလက်ရှိတွင် အိမ်ထောင်စု (၂၁၈)အိမ်ထောင်စုနှင့်၊ လူဦးရေ (၈၉၁) ယောက်ထိ တိုးပွားလာခဲ့ပါသည်။

စိုက်ပျိုးရေး၊ မွေးမြူရေး၊ လက်လုပ်လက်စား၊ စာရင်းဌားနှင့်စက်ရုံများတွင် အလုပ်သမား၊ဂန်ထမ်း အလုပ်ကို အဓိက လုပ်ကိုင်ကြပါသည်။ ဝင်ငွေအသင့်အတင့် ရှိပြီး အလုပ်အကိုင်ရှားပါးသောကြောင့် အလုပ်လက်မဲ့များရှိပါသည်။ပညာရေးကိုအဓိကအလေးထားဆောင်ရွက်ကြပါသည်။ဗုဒ္ဓဘာသာကိုအဓိကထားကိုးကွယ်ပြီး ဘာသာတရား ကို ရို သေကိုင်းရှိုင်းပြီး အမျိုးသားအမျိုးသမီး စည်းလုံးညီညွတ်၍ တစ်ဦးနှင့် တစ်ဦး ရိုင်းပင်း ကူညီ လက်တွဲ ဆောင်ရွက်ကြပါသည်။

## ၃။ လူနည်းစုလူမျိုးစုအိမ်ထောင်စု

| အမျိုးအစား | အိမ်ထောင်စု | ကျား | မ | စုစုပေါင်း |
|---|---|---|---|---|
| မရှိ | ၀ | ၀ | ၀ | ၀ |

## ၄။ ထိခိုက်လွယ်အုပ်စု

| ထိခိုက်လွယ်အုပ်စု | အိမ်ထောင်စု | ကျား | မ | စုစုပေါင်း |
|---|---|---|---|---|
| သက်ကြီး | ၂၁ | ၁၈ | ၂၄ | ၄၂ |
| မြေယာမဲ့ | ၆၂ | ၈၃ | ၉၇ | ၁၈၀ |
| မသန်စွမ်း | ၀ | ၀ | ၀ | ၀ |

## ၅။ အဓိကစီးပွားရေးလုပ်ငန်းများ

| စိုက်ပျိုးရေး | မွေးမြူရေး | အသေးစားစီးပွားရေး | အခြား |
|---|---|---|---|
| စပါး | ကြက် | ဆန်စက် | နိုင်ငံခြားသွား |
| ပဲတီစိမ်း | ဝက် | ချေွလှေ့စက် | ဆိုင်ကယ်ဂပ်ရော့ |
| - | ဆိတ် | စျေးဆိုင် | - |
| - | ဘဲ | စပါးအရောင်းအဝယ် | - |
| - | မန်ဒါလီ | ပဲတီစိမ်းအရောင်းအဝယ် | - |

## ၆။ ကျေးရွာအတွင်းအဓိက ပိုင်ဆိုင်မှုများ

| ကျေးရွာပိုင်ဆိုင်မှုများ | စိုက်ပျိုးမြေ | စားကျက်မြေ | ဥယျာဉ်မြေ | သဲ/ကျောက်ရရှိမှု | ရေတွင်း/ရေကန် | စက်ရေတွင်း |
|---|---|---|---|---|---|---|
| အရေအတွက် | ၃၈၆၆ | - | - | မရှိ | -/၅ | ၁ |
| ကျေးရွာပိုင်ဆိုင်မှုများ | ကား | ထော်လာဂျီ | စပါးကြိတ်စက် | ရိုက်ခြွေစက်၊ခြွေလှေ့စက် | လယ်ယာသုံးစက် | စျေးဆိုင် |
| အရေအတွက် | ၃ | ၆ | ၁ | ၂၊ ၁၄ | ၈၂ | ၄ |

## ၇။ ကျေးရွာအတွင်းအခြားပိုင်ဆိုင်မှုများ


| ကျေးရွာပိုင်ဆိုင်မှုများ | ရေတင်စက် | ထွန် | ထယ် | ကျွဲ | နွား |
|---|---|---|---|---|---|
| အရေအတွက် | ၉ | ၂၄ | - | - | ၄၈ |
| ကျေးရွာပိုင်ဆိုင်မှုများ | ဝက်၊ဆိတ် | ဆိုင်ကယ် | ကျွမ်းကျင်လုပ်သား | လုပ်သား | လယ်ထွန်စက် |
| အရေအတွက် | ၄၈၊ ၂၆ | ၉၅ | ၇ | ၃၆ | ၆ |

## ၅။ လူထုပူးပေါင်းပါဝင်သော လူမှုဆန်းစစ်ခြင်း နှင့် အကဲဖြတ်ခြင်း လုပ်ငန်းစဉ် (PSA/PRA) အကျဉ်းချုပ်

| စဉ် | အကြောင်းအရာ | ရက်စွဲ | ဦးတည်အုပ်စု | တက်ရောက်သူ | | | အဓိက ဆွေးနွေးချက်များ |
|---|---|---|---|---|---|---|---|
| | | | | ကျား | မ | ပေါင်း | |
| ၁ | လူမှု ရေးနှင့် အရင်းအမြစ်ပြမြေပုံ | ၂၂-၁၁-၂၀၁၇ | ရပ်မိရပ်ဖ၊ ကျေးရွာ စေတနာ့ ဝန်ထမ်း | ၁၀ | ၁၅ | ၂၅ | အိမ်အမျိုးအစားများ၊ အခြေခံအဆောက်အဦးများ၊လမ်းပန်းဆက်သွယ်ရေးအခြေအနေ၊လယ်ယာမြေများ၊ မြစ်ချောင်းများ၊ ရေတွင်း ရေကန်များ၊သစ်တောများ |
| ၂ | ရာသီခွင်ပြပြက္ခဒိန် | ၂၂-၁၁-၂၀၁၇ | ရပ်မိရပ်ဖ၊ ကျေးရွာ စေတနာ့ ဝန်ထမ်း | ၁၀ | ၁၅ | ၂၅ | ရာသီဥတု၊ စိုက်ပျိုးသီးနှံများ၊ လယ်ယာလုပ်ငန်းများ၊ နေ့စားလုပ်ငန်းများ၊ မွေးမြူရေးလုပ်ငန်းများ၊ ဝမ်းစာဖူလုံမှု နှင့် ပွဲတော်များ |
| ၃ | ဥစ္စာနေကြွယ်ဝမှု အဆင့်သိတ်မှတ်ချက် | ၂၂-၁၁-၂၀၁၇ | ချမ်းသာ၊ အလယ်အလတ်၊နွမ်းပါး အုပ်စုများ | ၁၂ | ၁၃ | ၂၅ | ကျေးရွာလူမှုစီးပွားအုပ်စုများခွဲခြားသတ်မှတ်နိုင်ရေးအတွက် အခြေခံစံနှုန်းများ သတ်မှတ်ခြင်း၊ကျေးရွာသားများ နှင့် အများသဘောတူ ခွဲခြားသတ်မှတ်ခြင်း |
| ၄ | ဇင်းပုံစံ သုံးသပ်ချက် | ၂၂-၁၁-၂၀၁၇ | ကျေးရွာအုပ်ချုပ်ရေးအဖွဲ့၊ ကျေးရွာလူထု | ၁၂ | ၁၃ | ၂၅ | ကျေးရွာတွင်းရှိ အဖွဲ့အစည်းများနှင့် မည်သို့သောလုပ်ငန်းများအတွက် မည်သည့်အဖွဲ့များချိတ်ဆက်လုပ်ကိုင်မှု |
| ၅ | ပင့်ကူအိမ် သုံးသပ်ချက် | ၂၂-၁၁-၂၀၁၇ | အမျိုးသားများ နှင့် အမျိုးသမီးများ | ၁၂ | ၁၃ | ၂၅ | အမျိုးသားများ နှင့် အမျိုးသမီးများ တန်းတူအခွင့်အရေး ရရှိမှု နှင့် မရရှိသည့် အကြောင်းအရင်းများ |
| ၆ | ပိုင်ဆိုင်မှု သုံးသပ်ခြင်း | ၂၂-၁၁-၂၀၁၇ | ရပ်မိရပ်ဖ၊ ကျေးရွာ စေတနာ့ ဝန်ထမ်း | ၁၀ | ၁၅ | ၂၅ | ကျေးရွာတွင်းရှိ ပိုင်ဆိုင်ထားသော အရင်းအမြစ်များအားသိရှိခြင်း |

၆။ ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်အတွက် အသုံးပြုခဲ့သော PRA tools များနှင့် တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ

**၁။လူမှုရေးနှင့် အရင်းအမြစ်ပြမြေပုံ သုံးသပ်ချက်။**




## သုံးသပ်ချက်

မရမ်းဘေးကျေးရွာအုပ်စု၊အဂကောက်ကျေးရွာသည်ကျောက်တန်းမြို့၏အနောက်ဘက်နယ်မြေအဆုံးတွင်တည်ရှိပြီး အိမ်ထောင်စု (၂၁၈) စု ဖြင့်တည်ရှိနေသော ရွာတစ်ရွာဖြစ်ပါသည်။ကျေးရွာ၏ အဓိကလုပ်ကိုင်သောလုပ်ငန်းမှာ စိုက်ပျိုးရေး၊မွေးမြူရေးနှင့်၊ ငါးဖမ်းခြင်းလုပ်ငန်းများ ကိုအဓိကထား လုပ်ကိုင်ကြပါသည်။ အဂကောက်ကျေးရွာ၏ကျန်းမာရေးအခက်အခဲများတွင်မရမ်းဘေးကျေးရွာကျန်းမာရေးဌာနခွဲရှိ သားဖွားဆရာမနှင့်ကျန်းမာရေးကြီးကြပ်(၂)တို့အားပင့်၍ဆေးကုသမှုခံယူရပြီးအရေးပေါ် ကျန်းမာရေးအခက်အခဲများကိုကျောက်တန်းနှင့်သန်လျင်သို့သွားရောက်၍ဆေးကုသခံယူရပါသည်။အဂကောက်ကျေးရွာ၏လူမှုရေး၊သာသာရေး၊သာသနာရေးနှင့် ပညာရေးကိစ္စရပ်များကို ကျေးရွာအတွင်းရှိ အမျိုးသားအမျိုးသမီး စည်းလုံးညီညွတ်စွာ အတူတကွ ပိုင်းဝန်းကူညီ လုပ်ကိုင်ဆောင်ရွက်ပေးကြပါသည်။ကျေးရွာသူရွာသားများအားလုံး ဗုဒ္ဓဘာသာကို ကိုးကွယ် ၍ ဘာသာတရား ရှိသေကိုင်းရှိုင်းကြပါသည်။

ကျေးရွာရွာ၏မြောက်ဘက်တွင်မရမ်းဘေးကျေးရွာ၊တောင်ဘက်တွင်သုခအောင်ကျေးရွာ၊အောင်သပြေကျေးရွာ၊မုတ္တမပင်လယ်ကွေ့နှင့်ထိစပ်နေပြီးအရှေ့ဘက်တွင်ပုတ္တလုတ်ကျေးရွာ၊အနောက်ဘက်တွင်သုံးခွမြို့နယ်တို့နှင့် နယ်နမိတ်ခြင်းထိစပ်လျှက်ရှိပါသည်။

ကျေးရွာအတွင်း ဘုန်းတော်ကြီးကျောင်း (၁)ကျောင်းရှိပါသည်။ ကျေးရွာ၏ လိုအပ်ချက်များမှာ ရွာတွင်းလမ်းပြုပြင်ခြင်း၊ သောက်သုံးရေကန်အား ခြံစည်းရိုးခပ်ခြင်း၊စာသင်ကျောင်းပြုပြင်ခြင်း၊ ခြံစည်းရိုးခတ်ခြင်း၊ မိုးရေလှောင်ကန်တည်ဆောက်ခြင်း၊အင်္ဂီစိ စက်ရေတွင်းတူးဖော်ခြင်းနှင့်အဂကောက်-မင်းရွာ ချောင်းကူးတံတားတည်ဆောက်ခြင်း စသည်တို့သည် ကျေးရွာအတွင်း လိုအပ်သော ဖွံ့ဖြိုးရေးလုပ်ငန်းများ ဖြစ်ပါသည်။ ကျေးရွာ၏လိုအပ်ချက်ဖြစ်သောဖွံ့ဖြိုးရေးလုပ်ငန်းများမှတစ်ခုဖြစ်သောရွာတွင်းလမ်းများပြုပြင်ခြင်းကိုလူထုဗဟိုပြုစီမံကိန်းမှရရှိသောထောက်ပံ့ငွေဖြင့်အကောင်အထည်ဖော်ဆောင်ရွက်ပြီးဖြစ်ပါသည်။

## ၂။ ဉစ္စာဓနကြွယ်ဝမှုအဆင့်သတ်မှတ်ခြင်း။




ပါဝင်ဆွေးနွေးသူ-ကျား-(၁၂)၊မ-(၁၃)

**သုံးသပ်ချက်**

အဂကောက်ကျေးရွာတွင် ချမ်းသာ၊ အသင့်အတင့်၊ဆင်းရဲ၊ နွမ်းပါးသူဟူ၍ လူမှုအဆင့် (၄)ဆင့်သက်မှတ်ထားပါသည်။ ချမ်းသာသော အဆင့်မှာ တိုက်အိမ်၊ လယ်-၁၀၀ ကေအထက်၊ ကား၊ ထွန်စက်၊ ရိတ်သိမ်းချွေလှေ့စက်၊ လယ်တွန်းထွန်စက်၊ ဆိုင်ကယ်၊ ခြွေလှေ့စက်၊ နွားပုံနှင့် စိုက်ပျိုးရေးလုပ်ငန်းများအား လုပ်ကိုင်ဆောင်ရွက်ကြပြီး အိမ်ထောင်စုမှာ (၃)စုနှင့် ရာခိုင်နူန်းမှာ(၀.၃%)ရှိပြီး၊ အသင့်အတင့်ရှိသောအဆင့်တွင် ပျဉ်ထောင်၊သွပ်မိုးအိမ်၊လယ်(၅၀)ကေအောက်၊ဂွန်ဒေါင်းနွားပုံ၊ဆိုင်ကယ်၊စိုက်ပျိုးရေး၊မွေးမြူရေးလုပ်ငန်းလုပ်ကိုင် ကြသော အိမ်ထောင်စုမှာ (၁၀) စုနှင့် ရာခိုင်နူန်းမှာ (၁%) နှင့် ဆင်းရဲသောအဆင့်မှာ ဓနိမိုးအိမ်၊ ထရံကာ၊ လယ်ကေ(၁၀)အထက်နွားပုံ၊စက်ဘီး၊ဆိုင်ကယ်တို့ကိုပိုင်ဆိုင်သောအိမ်ထောင်စုမှာ(၃၀)စုရာခိုင်နူန်းမှာ(၃၀%)၊နွမ်းပါးသောအဆင့်တွင်လက်လုပ်လက်စား၊စက်ဘီးနှင့်မွေးမြူရေးလုပ်ငန်းများလုပ်ကိုင်ကြပြီးအိမ်ထောင်စု(၁၈၀)စုနှင့် ရာခိုင်နှုန်း(၆၈.၇%) ရှိသည်ဟု ကျေးရွာသူရွာသားများမှ သတ်မှတ်ခဲ့ကြပါသည်။

ကျေးရွာအတွင်း နွမ်းပါးရခြင်းမှာ လယ်ယာမြေပိုင်ဆိုင်မှုမရှိခြင်း၊ ကိုယ်ပိုင်စီးပွားရေးလုပ်ငန်းမရှိဘဲ နေ့စားကျပန်းလုပ်ငန်းများလုပ်ကိုင်ခြင်း ၊ ပညာအရည်အချင်းနည်းပါးရခြင်း ၊ အရင်းအနှီးမရှိခြင်းတို့ကြောင့် ဖြစ်ပါသည်။

## ၃။ ရာသီခွင်ပြ ပြက္ခဒိန် နှင့် သုံးသပ်ချက်



**သုံးသပ်ချက်**

**ရာသီဥတု** - ရာသီဥတုအားဖြင့် တန်ခူး၊ ပြာသို၊ တပို့တွဲ၊ တပေါင်းလများတွင် နေသာပြီး ရာသီဥတုသာယာ၍ ကဆုန်၊ နယုန်၊ ဂါဆို၊ ဂါခေါင် လများတွင်မိုးရွာပြီး တော်သလင်း၊ သီတင်းကျွတ်၊ တန်ဆောင်မုန်း၊နတ်တော်လများတွင် အေးချမ်း၍ ရာသီဥတုသာယာပါသည်။

**စိုက်ပျိုးရေး** - စိုက်ပျိုးရေးလုပ်ငန်းများကို တန်ခူးလတွင်စတင်ထွန်ယက်ပြီး ကဆုန်လတွင်ပျိုးကျဲကာ နယုန်လ၊ ဂါဆို၊ ဂါခေါင်လများတွင် ပျိုးနုတ် ပျိုးစိုက်၍ စပါးကိုတန်ဆောင်မုန်းလတွင် စပါးရိတ်သိမ်းကြပါသည်။ စပါးရိတ်သိမ်းပြီးချိန်တွင် ပဲတီစိမ်းများကိုနတ်တော်လတွင် သီးထပ်အဖြစ်စိုက်ပျိုးကြပါသည်။ ပြာသိုလတွင်ပဲပင်ပေါက်၍ တပိုတွဲလတွင် ပဲတီစိမ်းများ ခူးကြပါသည်။

**မွေးမြူရေး** - မိသားစုတပိုင်တနိုင်ဝင်ငွေရရှိရန်အတွက် တန်ခူးလတွင် ဂက် တို့ကို စတင် မွေးမြူကြပြီး ကြက်များကို ကဆုန် နယုန်လများတွင် မွေးမြူကြ၍ဂါဆို၊ဂါခေါင်၊တော်သလင်းလများတွင် ငါးမွေးမြူရေးလုပ်ငန်းများ လုပ်ကိုင်ကြပြီ ဆိတ်မွေးမြူရေးလုပ်ငန်းကို လုပ်ကိုင်ကြပါသည်။

**ရေလုပ်ငန်း** - ကဆုန်လတွင် ငါးဖမ်းစက်လှေများပင်လယ်သို့ စတင်ထွက်ခွာကာ နယုန်လနှင့် မိုးရာသီတွင် ငါးဖမ်းခြင်း၊ဖားဖမ်းခြင်း လုပ်ငန်းများကိုလုပ်ကိုင်ကြပါသည်။ တန်ဆောင်မုန်း၊ နတ်တော်၊ပြာသို၊တပိုတွဲလများတွင်ကနပက်ခြင်း၊ငါးဖမ်းခြင်းလုပ်ငန်းများကိုလုပ်ကိုင်ကြပါသည်။

**ရောင်းဝယ်ရေး** - အရောင်းအဝယ်အဖြစ် ပဲတီစိမ်းနှင့်စပါးများကို အဓိကထားရောင်းဝယ်ကြပါသည်။ တန်ဆောင်မုန်း၊နတ်တော်လများတွင်စပါးရောင်းဝယ်ကြပြီးတပိုတွဲ၊တပေါင်း၊တန်ခူးလများ တွင် ပဲတီစိမ်း ရောင်းဝယ်ရေးလုပ်ငန်းများကို လုပ်ကိုင်ကြပါသည်။

**ပညာရေး** - ပညာရေးမှာ မူလတန်းအဆင့်အထိသာ ကျေးရွာတွင်ရှိပြီး နယုန်လတွင် ကျောင်းစတင်အပ်နှံ၍အလယ်တန်း၊အထက်တန်းအဆင့်ပညာရေးအားမရမ်းဘေးကျေးရွာ၊ပုတ္တလုပ်ကျေးရွာ၊တံတားမြို့နှင့်ကျောက်တန်း၊သန်လျင်မြို့များတွင် သွားရောက်ထားရပါသည်။

**ကျန်းမာရေး** - ရာသီဥတုအပြောင်းအလဲကာလများနှင့်မိုးရာသီလများဖြစ်သော ကဆုန် နယုန်၊ဂါဆို၊သီတင်းကျွတ်လများတွင်ဖျားနာမှုများပိုမိုအဖြစ်များ၍ကျန်လများတွင်သက်ကြီး ရွယ်အိုများကျန်းမာရေးညံ့ခြင်း၊ သွေးလွန်တုတ်ကွေးရောဂါမှာ တပိုတွဲလတွင်ဖြစ်ပွားကြပါသည်။

**လူမှုရေး** - တန်းခူးလမှာ သင်္ကြန်ပွဲ၊ ကဆုန်လတွင် ညောင်ရေသွန်းပွဲ၊ ဂါဆို၊ ဂါခေါင်၊ တော်သလင်းလ တွင်သီတင်းသီလဆောက်တည်ကြပြီး သီတင်းကျွတ်လတွင် ဆီမီးပူဇော်ပွဲ၊ နတ်တော်၊ တပိုတွဲလများူးတွင်မင်္ဂလာပွဲ၊ တပေါင်းလတွင် အလှူတော်မင်္ဂလာပွဲ၊ ဘုရားပွဲတော်များ ကျင်းပကြပါသည်။

**ဝင်ငွေ၊ထွက်ငွေ** - စပါး၊ပဲတီစိမ်းပေါ်ချိန်များဖြစ်သော တန်ဆောင်မုန်းနှင့်တန်ခူး၊တပို့တွဲ ၊တပေါင်းလများ တွင် ရာသီသီးနှံပေါ်ချိန်ဖြစ်၍ ဝင်ငွေအသင့်အတင့်ရှိသော်လည်း ကျန်လများတွင် ထွက်ငွေ များနေသဖြင့် နေ့စားလုပ်ငန်းများဖြင့်သာ လုပ်ကိုင်ဆောင်ရွက်ရပြီး မိသားစုဝင်ငွေမှာ နည်းပါးပါသည်။


## ၄။ ဗင်းပုံစံသုံးသပ်ချက်




### သုံးသပ်ချက်

ကျေးရွာအတွင်း အဖွဲ့အစည်းများဖြစ်သော အုပ်ချုပ်ရေးမှူးအဖွဲ့၊ ပညာရေးပရဟိတအဖွဲ့တို့သည် ကျေးရွာ၏ ပညာရေးမြှင့်မားအောင်မြို့ပေါ်ရှိအုပ်ချုပ်ရေးမှူးရုံး၊ပညာရေးဌာနများနှင့်ပူးပေါင်းဆောင်ရွက်ကြပါသည်။ ကျေးရွာရှိ အမျိုးသမီးများ၊မိခင်နှင့်ကလေးများနှင့်ကျန်းမာရေးအခက်အခဲများကို မြို့ပေါ်ရှိ အမျိုးသမီးရေးရာ ၊ မိခင်ကလေး စောင့်ရှောက်ရေးအဖွဲ့၊ကျန်းမာရေးဌာနများနှင့်ချိတ်ဆက်၍အတူတကွပူးပေါင်းဖြေ ရှင်းပေးပါသည်။ ကျေးရွာလူထု နှင့်အတူ ဂေါပကအဖွဲ့၊ သာရေးနာရေးအဖွဲ့တို့သည် ကျေးရွာဘာသာရေး ၊သာသနာရေး ရေရှည်တည်တံ့ရန် အတူလက်တွဲဆောင်ရွက်ကြပါသည်။ ကျေးရွာအတွင်းရှိမီးသတ်၊ ပြည်သူစစ်အဖွဲ့များသည် မြို့ပေါ်ရှိမီးသတ်၊ ပြည်သူစစ်အဖွဲ့၊အုပ်ချုပ်ရေးမှူးအဖွဲ့များနှင့်ပူးပေါင်း၍ကျေးရွာအတွင်းမီးဘေးကြိုတင် ကာကွယ်ခြင်း၊ ကျေးရွာ အေးချမ်းသာယာရေးအတူတကွပူးပေါင်းဆောင်ရွက်နေပါသည်။ဆင်းရဲမှုပပျောက်ရေးအတွက်ကျေးလက်ဒေသဖွံ့ ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြစိမ်းရောင်အဖွဲ့အစည်းများဖွဲ့စည်း၍ ကျေးရွာ၏စီးပွားရေးလုပ်ငန်းများ တိုးတက် စေရန် ကျေးရွာအတွက် အရင်းမပျောက်လည်ပတ်ရန်ပုံငွေအဖြစ် ထုတ်ချေးထားသည်ကိုတွေ့ရှိရပါသည်။ ကျေးရွာ လူထု၊အုပ်ချုပ်ရေးမှူး၊ရပ်မိရပ်ဖနှင့်လူထုဗဟိုပြုစီမံကိန်းတို့အတူအကွပူးပေါင်း၍ကျေးရွာ၏လိုအပ်ချက် ဖြစ်သော ဖွံ့ဖြိုးရေးလုပ်ငန်းများကိုမြို့နယ်လူထုဗဟိုပြုစီမံကိန်းနှင့်ချိတ်ဆက်ကာလုပ်ကိုင်ဆောင်ရွက်လျက်ရှိပါသည်။

## ၅။ ပင့်ကူအိမ် သုံးသပ်ချက်




**သုံးသပ်ချက်**

## ရပ်ရွာတွင်ဆုံးဖြတ်ချက်ချပိုင်ခွင့်

ကျေးရွာ၏ဆုံးဖြတ်ချက်များချမှတ်နိုင်မှု အပိုင်းတွင် အမျိုးသမီးများကွာဟချက် ကျဉ်းမြောင်းလာသည်ကို ကြည့်ခြင်းအားဖြင့် အတူတကွ ပူးပေါင်းဆောင်ရွက်ချက်ချ သည်ကို တွေ့ရှိရပါသည်။

## ဂုဏ်ငွေရရှိမှု

ကျေးရွာအတွင်းရှိ အမျိုးသားများနှင့် အမျိုးသမီးများ၏ ဂုဏ်ငွေရရှိမှုအပိုင်းတွင် ကွာဟမှုကြီးမားနေသည်ကို တွေ့ရှိရပါသည်။ အမျိုးသမီးများမှာ အိမ်မှုကိစ္စများတွင်သာ လုပ်ကိုင်နေရသောကြောင့်ဖြစ်ပါသည်။

## လူမှုရေးလုပ်ငန်းများတွင်ပါဝင်ခွင့်

ကျေးရွာ၏လူမှုရေးလုပ်ငန်းများဆောင်ရွက်ရာတွင်  အမျိုးသမီးများမှာ အမျိုးသမီးများထက် အနည်းငယ် အသာရနေသည်ကို တွေ့ရှိရပါသည်။

## ပညာသင်ကြားခွင့်

ကျေးရွာအတွင်းရှိ အမျိုးသားများနှင့် အမျိုးသမီးများ၏ပညာရေးအပိုင်းတွင် ပညာသင်ကြားခွင့်တန်းတူရအနေအထားရှိကြောင်းကို တွေ့ရှိရပါသည်။

## အိမ်မှုကိစ္စ

အများအားဖြင့် အိမ်မှုကိစ္စများတွင် အမျိုးသမီးများကသာဦးဆောင်လုပ်ကိုင်နေရသော်လည်း အမျိုးသားများကလည်းပူးပေါင်းလုပ်ကိုင်ဆောင်ရွက်နေသည်ကိုတွေ့ရှိရပါသည်။

## ဘာသာရေးလုပ်ငန်းများတွင်ဦးဆောင်ပါဝင်နိုင်မှု

ကျေးရွာ၏ ဘာသာရေး၊သာသနာရေးနှင့်သက်ဆိုင်သောလုပ်ငန်းများတွင် အမျိုးသားနှင့် အမျိုးသမီးများ အတူတကွ ပူးပေါင်းဆောင်ရွက်နေသည်ကို တွေ့ရှိရပါသည်။


## အဖွဲ့အစည်းများတွင်ဦးဆောင်ခွင့်

အမျိုးသားများနှင့် အမျိုးသမီးများသည် လူထုဗဟိုပြုစီမံကိန်း၏ ဦးဆောင်မှုကဏ္ဍအရတန်းတူအခွင့် အရေးရရှိနေပြီး ဦးဆောင်ခွင့်မှာလည်းတူညီနေသည်ကို တွေ့ရပါသည်။


## အလုပ်အကိုင်အခွင့်လမ်းရရှိမှု

အလုပ်အကိုင်ရရှိနိုင်မှုအပိုင်းတွင် အမျိုးသားများ၏ အခွင့်အလမ်းသည် အမျိုးသမီးများထက် သာလွန်နေသော်လည်း လူထုဗဟိုပြုစီမံကိန်းတွင် အမျိုးသားများနည်းတူ အမျိုးသမီးများလည်း အလုပ်အကိုင်အခွင့်အလမ်း ရရှိနေသည်ကိုတွေ့ရှိရပါသည်။

## ၆။ ပိုင်ဆိုင်မှုသုံးသပ်ခြင်း။



ပါဝင်ဆွေးနွေးသူ-ကျား-(၁၀)၊မ-(၁၅)



### သုံးသပ်ချက်

**ထိန်းချုပ်မှု** -ကျေးရွာ၏ အရင်းအမြစ်များဖြစ်သော လယ်၊ဆိုင်ကယ်၊ ထွန်စက်၊ရိတ်စက်၊ ဂွန်ဒေါင်း နှင့် နွားပျံ စသည့်အရင်းအမြစ်များကိုအမျိုးသားများမှထိန်းချုပ်ထားပါသည်။အပ်ချုပ်စက်၊အိမ်တွင်းမှုပစ္စည်းမ ျားစက်ဘီးများကိုအမျိုးသမီးများမှထိန်းချုပ်ထားပြီးအမျိုးသား/အမျိုးသမီးနှစ်ဦးလုံးထိမ်းချုပ်ထားေ သာအရင်းအမြစ်များမှာလယ်၊ဆိုင်ကယ်၊စာကြည့်တိုက်၊စာသင်ကျောင်း၊ရေတွင်း၊ရေကန်၊စိုက်ပျိုး ရေးလုပ်ငန်းများအစရှိသည်တို့ ကို ထိန်းချုပ်ထားပါသည်။

**အသုံးပြုမှု** -ကျေးရွာ၏ အရင်းအမြစ်ဖြစ်သော လယ်၊ဆိုင်ကယ်၊ထွန်စက်၊ဂွန်ဒေါင်း၊စပါးရိတ်စက်၊ စသည်တို့ ကိုအမျိုးသားများအသုံးပြုပြီးအပ်ချုပ်စက်နှင့်အိမ်တွင်းမှုပစ္စည်း၊ဆိုင်ကယ်၊စက်ဘီး၊လ ယ်တို့ အား အမျိုးသမီးများက အသုံးပြု၍ အမျိုးသား/အမျိုးသမီး နှစ်ဦးလုံးအသုံးပြုသော အရင်းအမြစ်များမှာ လယ်၊ဆိုင်ကယ်၊စာကြည့်တိုက် ၊စာသင်ကျောင်း၊ ရေကန်၊ စိုက်ပျိုးရေးစသည်တို့ကို အသုံးပြုကြပါသည်။

## အမျိုးသမီးကဏ္ဍ အစည်းအဝေးမှတ်တမ်း နှင့် စစ်ဆေးရမည့်အချက်များ

### ၁။ အမျိုးသမီးကဏ္ဍ အစည်းအဝေးမှတ်တမ်း

ကျေးရွာမိတ်ဆက်အစည်းအဝေးပြုလုပ်ရန် ဖိတ်ကြားရာတွင် အစည်းအဝေးတွင် အမျိုးသမီး အချိုးညီစွာ ပါဝင်ရန် သက်ဆိုင်ရာအုပ်ချုပ်ရေးမှူး၊ရပ်မိရပ်ဖ နှင်လူမှုရေးအဖွဲ့ အစည်းများကို ပြောကြားခဲ့ပါသည်။ ပထမအကြိမ် မိတ်ဆက်အစည်းအဝေးတွင် အစည်းအဝေးတိုင်းတွင် အမျိုးသမီးများ အချိုးညီစွာ တက်ရောက်ရန် ပြောကြားခဲ့ပြီး အစည်းအဝေးတိုင်းတွင်လည်း အမျိုးသမီးများမှ ပြောကြားလိုသော အချက်များကို လွတ်လပ်ပွင့်လင်းစွာ ပြောဆိုခွင့်ရှိကြောင်းကိုလည်း ပြောကြားထားပါသည်။ ကျေးရွာအုပ်စုအဆင့်တွင် နှစ်စဉ်ပြုလုပ်သော လုပ်ငန်းများတွင် အမျိုးသမီးများမှ တင်ပြတောင်းဆိုထားသော လုပ်ငန်းခွဲတစ်ခုပါဝင်ရမည် ဖြစ်ကြောင်းကိုလည်း ပြောကြားခဲ့ပါသည်။ လုပ်ငန်းခွဲများ အကောင်အထည်ဖော် ဆောင်ရွက်ရာတွင်လည်း လူထုလုပ်အားဖြင့် ဆောင်ရွက်သော လုပ်ငန်းများ ဖြစ်ပါက တူညီသော လုပ်ငန်းအတွက် တူညီသော လုပ်အားခများ ပေးချေရမည်ကိုလည်း ပြောကြားခဲ့ပါသည်။ စီမံကိန်း၏ ကဏ္ဍတိုင်းတွင် အမျိုးသမီးများ အခန်းကဏ္ဍကို ထည့်သွင်းထားပြီး အမျိုးသား/ အမျိုးသမီး ခွဲခြားမှုများ မရှိစေရန် ရည်ရွယ်ထားသည်ကို ရှင်းလင်းပြောကြားခြင်းများ ပြုလုပ်ခဲ့ပါသည်။

အမျိုးသမီးများ၏ ဦးဆောင်နိုင်မှု နှင့် စီမံခန့်ခွဲမှု စွမ်းရည်များ တိုးတက်လာစေရန် အတွက် ကော်မတီများထဲတွင် အမျိုးသမီးများ (၅၀%) ပါဝင်ရမည်ဖြစ်ပါသည်။ ဆပ်ကော်မတီ တစ်ခုတိုင်းတွင်လည်း အနည်းဆုံး အမျိုးသမီး တစ်ဦးပါဝင်ရမည်ဖြစ်ပါသည်။ ကော်မတီထဲတွင် ပါဝင်သော အမျိုးသမီးများသည် တင်ပြဆွေးနွေးမှုများ ပြုလုပ်ခြင်း၊ ဆုံးဖြတ်ချက်များချခြင်း စသည်တို့ကို ပြုလုပ်ရမည်ဖြစ်ပါသည်။ အမျိုးသားများမှလည်း ပံ့ပိုးကူညီပေးရမည်ဖြစ်ပါသည်။

ဒုတိယအကြိမ်အစည်းအဝေးတွင် အမျိုးသမီးများသည် မိမိတို့၏ လိုအပ်ချက် အခက်အခဲများကို လွတ်လပ်စွာဆွေးနွေးနိုင်ရန်အတွက် အမျိုးသမီးသီးသန့် အုပ်စုများဖွဲ့၍ အခက်အခဲများ ဖော်ထုတ်ခြင်း လုပ်ငန်းတို့ကိုလည်း လုပ်ကိုင်ခဲ့ပါသည်။

## ၂။ ကျေးရွာမိတ်ဆက် အစည်းအဝေးတွင်အမျိုးသမီး ကဏ္ဍအတွက် စောင့်ကြည့်စစ်ဆေးရမည့်အချက်များ

**မေးမြန်းသည့်ရက်။** **ရက်စွဲ - ၂၂.၁၁.၂၀၁၇**

| စဉ် | အကြောင်းအရာ | တွေ့ရှိချက် | | မှတ်ချက် |
|---|---|---|---|---|
| | | √ | X | |
| ၁ | အစည်းအဝေးတက်ရောက်လူသူများအား ကျား၊မ ရေးရာ အခြေခံသဘောတရားများကို ရှင်းလင်းဆွေးနွေးခဲ့ပါသလား။ | √ | | |
| ၂ | စီမံကိန်းတွင် ပါဝင်သော ကျား၊မရေးရာ အကောင်အထည်ဖော်ရေး လိုအပ်ချက် (၅)ချက်ကို ရှင်းလင်းပြခဲ့ပါသလား။ | √ | | |
| ၃ | အစည်းအဝေးများခေါ်ယူရာတွင်အမျိုးသား/သမီးများအချိုးညီစွာတက်ရောက်နိုင်ရေး အတွက် အသိပေးတိုက်တွန်း စည်းရုံးခဲ့တာမျိုး ရှိပါသလား။ | √ | | |
| ၄ | အမျိုးသမီးများ၏ စကားသံများ၊ ပြောဆိုနိုင်ခွင့်များ ပိုမိုထွက်ပေါ်လာအောင် ဖန်တီးပေးခဲ့ပါသလား။ | √ | | |
| ၅ | ဆပ်ကော်မတီဖွဲ့များဖွဲ့စည်းရာတွင်အမျိုးသမီးများနှင့်ပါဝင်ဖွဲ့စည်းရေး၊ပူးပေါင်းပါဝင်ရေး၊ဦးဆောင်နိုင်ရေးအတွက်တွန်းအားပေးကူညီဆောင်ရွက်ခဲ့ပါသလား။ | √ | | |
| ၆ | အစည်းအဝေးကို အမျိုးသား/သမီးများ အလွယ်တကူပါဝင်တက်ရောက်နိုင်သော အချိန်နှင့်နေရာများကိုရွေးချယ်ခြင်း၊ထည့်သွင်းစဉ်းစားဆောင်ရွက်ခြင်းများတို့ကိုလုပ်ဆောင်ခဲ့ပါသလား။ | √ | | |
| ၇ | လူနည်းစု/ဆင်းရဲ/နွမ်းပါး/ထိခိုက်လွယ်သောအုပ်စုများကို အစည်းအဝေးမစတင်မီ အချိန်များက ရှာဖွေဖော်ထုတ်ခဲ့တာမျိုးများ ရှိပါသလား။ | √ | | |
| ၈ | လူနည်းစု/ဆင်းရဲ/နွမ်းပါး/ထိခိုက်လွယ်သော အမျိုးသား/သမီးများထဲမှ အချို့ကို အစည်းအဝေးတက်ရောက်နိုင်အောင် ဖိတ်ကြားဆောင်ရွက်မှုမျိုး ရှိခဲ့ပါသလား။ | √ | | |
| ၉ | လူနည်းစု/ဆင်းရဲ/နွမ်းပါး/ထိခိုက်လွယ်သောအမျိုးသား/သမီးများနှင့် ကြုံတွေ့နေရသောအခက် အခဲများကို သင်ဆွေနွေး မေးမြန်းခဲ့တာမျိုး ရှိပါသလား။ | √ | | |
| ၁၀ | အမျိုးသမီးများ ပြောဆိုတင်ပြနိုင်အောင် အချိန်ပေးရန်၊ ကြိုတင်စီစဉ်ဆောင်ရွက်မှုမျိုးများ ဆောင်ရွက်ခဲ့တာများ ရှိပါသလား။ | √ | | |
| ၁၁ | စီမံကိန်းလုပ်ငန်းခွဲများရှာဖွေဖော်ထုတ်ရာတွင်အမျိုးသား/သမီးများသီးခြားဆွေးနွေးဖော်ထုတ် ဆောင်ရွက်ခဲ့တာမျိုး ရှိပါသလား။ | √ | | |
| ၁၂ | ကျေးရွာစီမံကိန်း အထောက်အကူပြုကော်မတီများဖွဲ့စည်းရာတွင် အမျိုးသမီး၊ အမျိုးသား အချိုးညီမျှစွာ (၅၀ း ၅၀) ဖွဲ့စည်းနိုင်ခဲ့ပါသလား။<br>**မဖွဲ့စည်းနိုင်ခဲ့ပါက မှတ်ချက်တွင် ရှင်းလင်းပါ။** | √ | | |
| ၁၃ | ဆပ်ကော်မတီများတွင် အနည်းဆုံး အမျိုးသမီးအဖွဲ့ဝင် တစ်ဦးနှုန်းဖြင့် | √ | | |

| | | | | |
|---|---|---|---|---|
| | ပါဝင်ဖွဲ့စည်းနိုင်ခဲ့ပါသလား။ **မဖွဲ့စည်းနိုင်ခဲ့ပါက မှတ်ချက်တွင် ရှင်းလင်းပါ။** | | | |
| ၁၄ | ကျေးရွာ/ကျေးရွာအုပ်စု ဖွံ့ဖြိုးရေးစီမံချက် များတွင် အမျိုးသမီးများ ရွေးချယ်ဆုံးဖြတ်သည့်လုပ်ငန်းစီမံချက် အနည်းဆုံးတစ်ခုပါဝင်နိုင်ရေးအတွက် စည်းရုံး ဆွေးနွေးမှုများ ပြုလုပ်ဆောင်ရွက်ခဲ့ပါသလား။ | √ | | |
| ၁၅ | တက်ရောက်လာသူများအား အမျိုးသမီးများ၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန် အမျိုးသမီးများရွေးချယ်လိုက်သော ဦးစားပေးရွေးချယ်မှုများကို ထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း အသိပေးပြောကြားခဲ့ပါသလား။ | √ | | |
| *၁၆* | *ရွေးချယ်လိုက်သော စီမံကိန်းလုပ်ငန်းခွဲများသည် ဒေသတွင်းမှာရှိသော လူနည်းစု/ဆင်းရဲ/နွမ်းပါး/ထိခိုက်လွယ် အုပ်စုများအပေါ် မည်သို့အကျိုးပြုနိုင်မည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားခြင်း၊ မှတ်တမ်းတင်ခြင်းများတို့ကို* ဆောင်ရွက်ခဲ့ပါသလား။ | √ | | |
| ၁၇ | ကျေးရွာအုပ်စုအဆင့် အစည်းအဝေးပြုလုပ်ရာတွင် အုပ်စု စီ/ထောက် ကော်မတီဝင်များကို ကျား၊မ ရေးရာလိုအပ်ချက်များ အကြောင်းကိုရှင်းလင်းပြော ကြားခဲ့ပါသလား။ | √ | | |
| ၁၈ | ကျေးရွာအုပ်စုအဆင့် အစည်းအဝေးပြုလုပ်ရာတွင် အုပ်စု စီ/ထောက် ကော်မတီဝင်များအားလုံး တက်ရောက်နိုင်မှု ရှိ/မရှိ စစ်ဆေးခဲ့ပါသလား။ **မတက်ရောက်နိုင်ခဲ့ပါက မှတ်ချက်တွင် ရှင်းလင်းပါ။** | √ | | |

## ၇။ ကော်မတီဝင်များရွေးချယ်ခြင်းနှင့်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ဆောင်ရွက်မှုမှတ်တမ်းဓါတ်ပုံများ



ကျေးရွာအစည်းအဝေးမှတ်တမ်းဓါတ်ပုံ



အမျိုးသား၊အမျိုးသမီး မှတ်တမ်းတင်ဓါတ်ပုံ။



ကော်မတီဝင်များအားမဲပေးရွေးချယ်မှုမှတ်တမ်းဓာတ်ပုံ



လုပ်ငန်းခွဲ၏မပြုလုပ်မီမှတ်တမ်းဓါတ်ပုံ

## ၈။ ကော်မတီဝင်များစာရင်း

| စဉ် | အမည် | လိင် | ရာထူး |
|---|---|---|---|
| ၁ | ဦးအောင်မျိုးဦး | ကျား | ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မတီ၊ ခေါင်းဆောင် |
| ၂ | ဒေါ်အေးမူ | မ | ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မတီ၊ ခေါင်းဆောင် |
| ၃ | ဦးဇော်မျိုးဦး | ကျား | ဝယ်ယူရေးဆပ်ကော်မတီ၊ ခေါင်းဆောင် |
| ၄ | ဒေါ်လဲ့လဲ့စန်း | မ | ဝယ်ယူရေးဆပ်ကော်မတီ၊ မှတ်တမ်းထိမ်း |
| ၅ | ဦးသိန်းအေး | ကျား | စောင့်ကြည့်ကြီးကြပ်ရေးဆပ်ကော်မတီ၊ ခေါင်းဆောင် |
| ၆ | ဒေါ်အိအိသွယ် | မ | စောင့်ကြည့်ကြီးကြပ်ရေးဆပ်ကော်မတီ၊ အဖွဲ့ဝင် |
| ၇ | ဦးကျော်မင်းလွင် | ကျား | လုပ်ငန်းလည်ပတ်ရေး နှင့် ပြုပြင်ထိန်းသိမ်းရေး ဆပ်ကော်မတီ၊ ခေါင်းဆောင် |
| ၈ | ဒေါ်သန်းရွှေ | မ | လုပ်ငန်းလည်ပတ်ရေး နှင့် ပြုပြင်ထိန်းသိမ်းရေး ဆပ်ကော်မတီ၊ အဖွဲ့ဝင် |
| ၉ | ဦးကြည်ရွှေ | ကျား | ဂေဖန် အကြံပြု တိုင်ကြားချက်ဖြေရှင်းရေးအဖွဲ့ |
| ၁၀ | ဒေါ်အေးမွန် | မ | ဂေဖန် အကြံပြု တိုင်ကြားချက်ဖြေရှင်းရေးအဖွဲ့ |
| ၁၁ | ဦးတင်သိန်း | ကျား | စေတနာ့ဝန်ထမ်း |
| ၁၂ | ဒေါ်လင်းလင်းကြူ | မ | စေတနာ့ဝန်ထမ်း |
| ၁၃ | ဦးတင်မောင်ဆွေ | ကျား | ကျေးရွာငွေစာရင်းကိုင် |

စုစုပေါင်း။ (၁၃) ယောက်      ကျား-(၇) ယောက် +မ

(၆)ယောက်**ကျေးရွာအုပ်စုစီမံကိန်းအထောက်အကူပြုကော်မတီ**

ဒေါ်အေးမူ      ကျေးရွာအုပ်စုစီမံကိန်းအထောက်အကူပြုကော်မတီ၊ ဥက္ကဌ
ဦးအောင်မျိုးဦး      အုပ်စု အဖွဲ့ဝင်

**မှတ်တမ်းတင်သူ**

အမည်။ ဦးဇင်ကိုအောင်

ရာထူး။ လူထုစည်းရုံးရေးမှူး

ရက်စွဲ။ ၂၃ /၁၁ / ၂၀၁၇

# ၉။ပုံစံ-၁ ။ ကျေးရွာအချက်အလက်များ

ပုံစံ - စ - ၁ ကျေးရွာအခြေခံအချက်အလက်များ (Form PC 1)

| |
|---|
| လမ်းညွှန်ချက်။ ကျေးရွာတစ်ရွာသို့ ပထမဆုံးမိတ်ဆက်ခရီး သွားရောက်သောအခါ လူထုစည်းရုံးရေးမှူးသည် ကျေးရွာခေါင်းဆောင်များအား ကျေးရွာအချက်အလက်များကို မေတ္တာရပ်ခံ၍ တောင်းခံရသည်။ ဤအချက်အလက်များကို စီမံကိန်းမိတ်ဆက်အစည်းအဝေးမတိုင်မီတောင်းခံရမည်။ စီမံကိန်းမိတ်ဆက်အစည်းအဝေးတွင် လူထုစည်းရုံးရေးမှူးသည် ဤအချက်အလက်များအား စစ်ဆေးပြီး မှန်ကန်အောင်ပြုလုပ်ရမည်။ ပြီးနောက်တွင် လူထုစည်းရုံးရေးမှူးမှ သတင်းအချက်အလက်ထဲသို့ Tablets မှတဆင့် ဖြည့်သွင်းရမည်။ |

| ကျေးရွာခေါင်းဆောင် အမည် | ကျေးရွာခေါင်းဆောင်၏ ဖုန်းနံပါတ် | လူထုစည်းရုံးရေးမှူး၏ အမည် |
|---|---|---|
| ဦးအောင်ကိုလတ် | 09973395189 | ဦးဇော်ဦးဝင်း |
| ပြည်နယ်/တိုင်းဒေသကြီး ရန်ကုန် မြို့နယ် ကျောက်တန်း | ကျေးရွာအုပ်စု [illegible] | ကျေးရွာ [illegible] |

က။ လူဦးရေ

| လူမျိုးစု | အိမ်ထောင်စုအရေအတွက် | ကိုးကွယ်သည့်ဘာသာ | အိမ်ထောင်စုအရေအတွက် |
|---|---|---|---|
| လူမျိုးစု (၁) ---ဗမာ--- | ၂၄၂ | ဘာသာ (၁) ---ဗုဒ္ဓ--- | ၂၄၂ |
| လူမျိုးစု (၂) ------------ | | ဘာသာ (၂) ------------ | |
| လူမျိုးစု (၃) ------------ | | ဘာသာ (၃) ------------ | |
| လူမျိုးစုရော ------------ | | ဘာသာရော ------------ | |
| အခြား | | | |
| | အရေအတွက် | | |
| မသန်စွမ်းသူများ | ၁ | | |
| သက်ကြီးရွယ်အိုများ (၆၅ နှစ် နှင့် အထက်) | ၂၈ | | |
| စစ်ဘေးရှောင် | | | |

| | အမျိုးသား (အရေအတွက်) | အမျိုးသမီး (အရေအတွက်) |
|---|---|---|
| လူဦးရေ ၉၀၆ | | |
| လူမျိုးစု (၁)---ဗမာ | ၄၅၂ | ၄၅၂ |
| လူမျိုးစု (၂)---------- | | |
| လူမျိုးစု (၃)---------- | | |
| အခြား | | |
| အိမ်ထောင်ဦးစီး | ၂၂၅ | ၁၇ |

(ခ) အခြေခံအဆောက်အအုံ အသုံးအဆောင်များ

| စာသင်ကျောင်း | အမှတ်ခြစ်ပါ | ကျန်းမာရေး | အမှတ်ခြစ်ပါ | ဘာသာရေး အဆောက်အအုံများ | အမှတ်ခြစ်ပါ |
|---|---|---|---|---|---|
| အထက်တန်းကျောင်း | ☐ | ဆေးရုံ | ☐ | စေတီ | ☑ |
| အလယ်တန်းကျောင်း | ☐ | ကျန်းမာရေးဌာန | ☐ | ဘုန်းကြီးကျောင်း | ☑ |
| မူလတန်းကျောင်း | ☑ | ကျန်းမာရေးဌာနခွဲ | ☐ | ဟိန္ဒူဘုရားကျောင်း | ☐ |
| မူကြိုကျောင်း | ☐ | ဆေးပေးခန်း | ☐ | ခရစ်ယာန်ကျောင်း | ☐ |
| အခြား | ☐ | အခြား | ☐ | ဗလီ | ☐ |
| | | | | အခြား | ☐ |
| မှတ်ချက် | | မှတ်ချက် | | မှတ်ချက် | |

(ဂ) ကျွမ်းကျင်သူများမှတ်တမ်း (ကျေးရွာတွင်နေထိုင်သော သို့မဟုတ် တခြားရွာမှလာရောက်သော ကျွမ်းကျင်သူများ)

| (၁) စာသင်ကျောင်း | | | (၂) ကျန်းမားရေး | | | (၃) လက်မှုပညာရှင် | | |
|---|---|---|---|---|---|---|---|---|
| | ရွာတွင်နေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ |
| မူလတန်းပြဆရာ/မ | ☑ | ☑ | ဆရာဝန် | ☐ | ☐ | လက်သမား | ☑ | ☐ |
| အထက်တန်းပြဆရာ/မ | ☐ | ☐ | လက်ထောက်ကျန်းမာရေးမှူး | ☐ | ☐ | ပန်းရံ | ☑ | ☐ |
| အလယ်တန်းပြဆရာ/မ | ☐ | ☐ | အမျိုးသမီးကျန်းမာရေးဆရာမ | ☐ | ☐ | လျှပ်စစ်ကျွမ်းကျင်၊ မီးသမား | ☐ | ☐ |
| မူကြိုဆရာ/မ | ☐ | ☐ | သားဖွားဆရာမ | ☐ | ☐ | ရေပိုက်သွယ်သူ | ☐ | ☐ |
| အခြား | ☐ | ☐ | ပြည်သူ့ကျန်းမာရေးလုပ်သား | ☐ | ☐ | စက်ပြင်ဆရာ | ☑ | ☐ |
| မှတ်ချက် | | | မှတ်ချက် | | | မှတ်ချက် | | |

(ဃ) ကျေးရွာသို့ရောက်ရှိနိုင်သည့် လမ်းအခြေအနေ /ကျေးရွာတစ်ရွာသည် ၎င်း၏ ကျေးရွာအုပ်စုနှင့် ဆက်သွယ်ထားသော လမ်းအခြေအနေ (အောက်ပါတို့ကိုဝိုင်းပါ)

ကျောက်ကြမ်းလမ်း　　ကတ္တရာလမ်း　　ကွန်ကရစ်လမ်း　　မော်တော်ဆိုင်ကယ်လမ်း
ကျောက်ခင်းလမ်း　　မြေသားလမ်း　　လူသွားလမ်း　　အခြား ________

(င) ကျေးရွာဖွံ့ဖြိုးမှုစီမံချက်　　ဝိုင်းပါ

(၁) လူထုဗဟိုပြုစီမံကိန်းမစတင်မီ ဤကျေးရွာတွင်ကျေးရွာဖွံ့ဖြိုးမှု စီမံချက်ရှိခဲ့ပါသလား?　　ရှိပါသည်/မရှိပါ/မသိပါ

(၂) ရှိခဲ့ပါလျှင် ဤစီမံချက်ကို မည်သည့် ခုနှစ်တွင်ပြင်ဆင်ခဲ့ပါသနည်း?　　နှစ်--------/မသိပါ

(၃)ဤစီမံချက်ကို မြို့နယ်မှအတည်ပြုခဲ့ပါသလား?　　ပြုခဲ့ပါသည်/မပြုခဲ့ပါ /မသိပါ

(စ) ခရီးအကွာအဝေး

(၁) ဤကျေးရွာ၏ဗဟိုမှ ၎င်းကျေးရွာအုပ်စု၏ဗဟိုအထိ ခရီးမိုင်မည်မျှကွာဝေးသနည်း?　　မိုင်--၁----/မသိပါ

(၂) ဤကျေးရွာမှ ၎င်းကျေးရွာအုပ်စုဗဟိုအထိ သွားလာရာ တွင်ကြာမြင့်သည့်အချိန်။

ကျောက်သွေးရာသီတွင်ကြာချိန် ၁၅မိနစ် ---- ထော်လာဂျီ/မော်တော်ဆိုင်ကယ်/ခြေလျင် ✓/လှေ/မော်တော်ဘုတ်/
အခြား ------------------

မိုးရာသီတွင်ကြာချိန် ------ ၁၅မိနစ် ---------- ထော်လာဂျီ/မော်တော်ဆိုင်ကယ်/ခြေလျင် ✓/လှေ/မော်တော်ဘုတ်/
အခြား ------------------

(ဆ) ပတ်ဝန်းကျင်ဆိုင်ရာ သဘာဝဘေးအန္တရာယ်

ဤကျေးရွာတွင် ရေကြီးခြင်းကဲ့သို့ သဘာဝဘေးအန္တရာယ်ကျရောက်ဖူးခြင်း ရှိပါသလား။

☑ မရှိပါ　　□ ရှိပါသည်　　ရှိလျှင်ဖော်ပြပါ ------------------------------

(ဇ) ကျေးရွာတွင် ဖွဲ့စည်းထားသော အဖွဲ့အစည်းများ

လူထုဗဟိုပြုစီမံကိန်းမတိုင်မီ ဤကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးအတွက် အစိုးရ (သို့) ရွာသားများကိုယ်တိုင်(သို့) စီမံကိန်းတစ်ခုခုမှ ဖွဲ့စည်းထားသည့် အဖွဲ့အစည်းများရှိပါသလား။

(၁) --- မြစိမ်းရောင် ---
(၂) --- အမျိုးသမီးရေးရာ.
(၃) မိခင်နှင့်ကလေး

(ဈ) အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန (GAD) မှ မှတ်တမ်းတင်ထားခြင်း

ဤကျေးရွာသည် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန (GAD) မှ မှတ်တမ်းတင်ထားမှု ရှိပါသလား။

□ မရှိပါ　　☑ ရှိပါသည်

ကျေးရွာခေါင်းဆောင်　　အမည် ဦးအောင်ကိုလတ်

လက်မှတ် [signature]　　နေ့စွဲ

လူထုစည်းရုံးရေးမှူး　　အမည် ဦးဇော်မိုးဝင်

လက်မှတ် [signature]　　နေ့စွဲ ၁၀၊၁၀၊၁၇

# ၁၀။ ပုံစံ စ-၃။ ကျေးရွာဖွံ့ဖြိုးရေးဦးစားပေးအစီအစဉ်

ပုံစံ - စ- ၃ ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေးအစီအစဉ် ( Form PC 3 )

| |
|---|
| လမ်းညွှန်ချက်၊ အဆင့် ( ၃ ) ကျေးရွာမျှော်မှန်းချက်အစည်းအဝေး ပြီးဆုံးသည့်အခါ ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မတီသည် လူထုစည်းရုံးရေးမှူး အကူအညီဖြင့် ဤပုံစံကို ပြည့်စုံအောင် ဖြည့်သွင်းရမည်။ |
| လူထုစည်းရုံးရေးမှူးအမည် / ဝန်ထမ်းအမည် - ဦးဇော်ကိုအောင် |
| နေ့စွဲ - ၂၃ ၊ ၁၁ ၊ ၂၀၁၇ — စက်ဝန်းအား အမှတ်ခြစ်ပါ (√) ☐ စက်ဝန်း ( ၁ ) ☑ စက်ဝန်း ( ၂ ) ☐ စက်ဝန်း ( ၃ ) ☐ စက်ဝန်း ( ၄ ) |
| ပြည်နယ် / တိုင်း ရန်ကုန် — မြို့နယ်- ကျောက်တန်း — ကျေးရွာအုပ်စု ပေါရည်းတော — ကျေးရွာ ဗိုလ်တကောက် |

က။ အခက်အခဲအတားအဆီးများအား ဆွေးနွေးခြင်း - ယခုလက်ရှိအခြေအနေတွင် ဤကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိက အခက်အခဲအတားအဆီးများသည် မည်သည်များဖြစ်ပါသနည်း။ ( အမျိုးသား/သမီး အနည်းဆုံးအခက်အခဲ ( ၅ )ခုစီဖော်ပြပါ။

| အမျိုးသားအဖွဲ့မှ တင်ပြသော အခက်အခဲအတားအဆီးများ | | အမျိုးသမီးအဖွဲ့မှ တင်ပြသော အခက်အခဲအတားအဆီးများ | |
|---|---|---|---|
| ၁ | ကျန်းမာရေး ဌာနမရှိခြင်း | ၁ | ကျန်းမာရေး ဌာနခွဲ မရှိခြင်း |
| ၂ | လျှပ်စစ်မီး မရှိခြင်း | ၂ | အလယ်တန်း အဆင့် ပညာရေး မရှိခြင်း |
| ၃ | အလယ်တန်း အဆင့် ပညာရေး မရှိခြင်း | ၃ | လျှပ်စစ်မီး မရှိခြင်း |
| ၄ | ရေတွင်း မကောင်းခြင်း ၊ ဝေးခြင်း | ၄ | သောက်သုံးရေ မလုံလောက်ခြင်း |
| ၅ | ရေကန်ဖြစ်စည်ကိုး မရှိခြင်း | ၅ | ယင်လုံအိမ်သာ မရှိခြင်း |

ခ။ မျှော်မှန်းခြင်း - နောက်လာမည့် ( ၅ )နှစ်အတွင်း ကျေးရွာဖွံ့ဖြိုးရေး မျှော်မှန်းချက်များအား တင်ပြပါ။

| အမျိုးသားအဖွဲ့မှ တင်ပြသော မျှော်မှန်းချက်များ | | အမျိုးသမီးအဖွဲ့မှ မျှော်မှန်းချက်များ | |
|---|---|---|---|
| ၁ | ကျန်းမာရေး ဌာနခွဲ ရှိလာရမည် | ၁ | ဆေးပေးခန်း၊ ကျန်းမာရေး ဝန်ထမ်းများ ရရှိလာရမည် |
| ၂ | လျှပ်စစ်မီး ရရှိရမည်။ | ၂ | စာသင်ကျောင်းများ ကောင်းမွန်လာရမည်။ စာသင်ခန်းများ လုံလောက်စွာ ရှိလာရမည်။ |
| ၃ | အလယ်တန်း အဆင့် ပညာရေး ရှိလာရမည် | ၃ | လျှပ်စစ်မီး ရရှိလာရမည်။ |
| ၄ | ရေတွင်းများ ကောင်းမွန်လာရမည်။ | ၄ | သောက်ရေကန်ဖြစ်စည်ကိုးများ ရှိလာရမည်။ |
| ၅ | ရေကန်ဖြစ်စည်ကိုးများ ရှိလာရမည်။ | ၅ | ယင်လုံအိမ်သာများ ရှိလာရမည်။ |

ဂ။ လူထုစီမံကိန်း၏ လာမည့် ( ၄ ) နှစ်အတွက် အကျုံးဝင်သော ဦးစားပေးဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းအစီစဉ်များအားဖော်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေးဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ ( အမျိုးသားများ/ အမျိုးသမီးများ/ အမျိုးသား + အမျိုးသမီး) | ခန့်မှန်းကုန်ကျ စရိတ် | အကျိုးခံစားခွင့်ရှိသူ ခန့်မှန်းအရေအတွက် |
|---|---|---|---|---|
| ၁။ | ရွာတွင်းလမ်း ပြုပြင်ခြင်းလုပ်ငန်း | က + မ | ၆၃၅၆၇၀၀၀ | ၇၅၈ ဦး |
| ၂။ | ရေကန်ဖြစ်စည်ကိုး ဆောက်ခြင်း | က + မ | ၁၇၀၀၀၀၀၀ | ၇၅၈ ဦး |
| ၃။ | ကျောင်း ပြုပြင် ရန် | က + မ | ၆၅၀၀၀၀၀ | ၇၅၈ ဦး |
| ၄။ | မိုးရေ လှောင်ကန် ရရှိရေး | မ | ၉၁၀၀၀၀ | ၇၅၈ ဦး |
| ၅။ | အဝီစိတွင်း ရရှိရေး | က | ၂၂၁၀၀၀၀ | ၇၅၈ ဦး |
| ၆။ | အဝေးကား မဂ်းရွာ ချောင်းကူး တံတား | က | ၁၀၀၀၀၀၀၀ | ၇၅၈ ဦး |
| ၇။ | ယင်လုံအိမ်သာ ရရှိရေး | က + မ | | |
| ၈။ | ကျေးရွာသို့ မ | က + မ | | |

ယ။ လူထုစီမံကိန်း၏ လာမည့် ( ၄ ) နှစ်အတွက် အကျုံးမဝင်သော ဦးစားပေးဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်း အစီစဉ်များအားဖော်ပြပါ။

| အမှတ်စဉ် | ကျေးရွာအတွက် ဦးစားပေးဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အကျိုးခံစားရသူ (အမျိုးသားများ/ အမျိုးသမီးများ/ အမျိုးသား + အမျိုးသမီး) | [illegible] |
|---|---|---|---|
| ၁။ | ကျေးလက်ကျန်းမာရေး [illegible] | က + မ | [illegible] |
| ၂။ | အလယ်တန်းကျောင်း | က + မ | |
| ၃။ | မူကြိုကျောင်း | က + မ | |
| ၄။ | [illegible] | က + မ | |
| ၅။ | [illegible] | က + မ | |

ခေါင်းဆောင်၊ ကျေးရွာစီမံကိန်းအကောင်အထည်ဖော်ကော်မတီမှ အတည်ပြုသည်။

အမည် ဦးအောင်ရွှေဦး ........ လက်မှတ် ........ နေ့စွဲ ၂၂ . ၀၁ . ၂၀၁၇

နောက်ဆက်တွဲ(၄) ခြားနားသောအပိုင်းများအတွက် ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်

**အနှစ်ချုပ်**

မှရင်းသည်အား VPSC တွင်ထားရှိရပါမည်။အခြားဌာနများနှင့် ညှိနိုင်းရန်အတွက် မိတ္တူအား TPIC သို့ပို့ရပါမည်။MIS data အနေဖြင့် သွင်းရန် မလိုအပ်ပါ။

| | အဆင့် | လုပ်ငန်း | မည်သူဦးစားပေးလဲ | ကျေးရွာမှတာဝန်ခံသူ (သို့) အုပ်စု | ပြင်ပမှမည်သူ ထောက်ပံ့ မလဲ |
|---|---|---|---|---|---|
| [illegible] | ၁ | | ☐ မ ☐ ကျား | | |
| | ၂ | | ☐ မ ☐ ကျား | | |
| | ၃ | | ☐ မ ☐ ကျား | | |
| | ၄ | | ☐ မ ☐ ကျား | | |
| | ၅ | | ☐ မ ☐ ကျား | | |
| [illegible] | ၁ | နို့ကျွဲပျိုးရေးနည်းပညာ | ☑ မ ☑ ကျား | | |
| | ၂ | | ☐ မ ☐ ကျား | | |
| | ၃ | | ☐ မ ☐ ကျား | | |
| | ၄ | | ☐ မ ☐ ကျား | | |
| | ၅ | | ☐ မ ☐ ကျား | | |
| [illegible] | ၁ | ကျေးလက်ကျန်းမာရေး [illegible] | ☑ မ ☑ ကျား | | |
| | ၂ | | ☐ မ ☐ ကျား | | |
| | ၃ | | ☐ မ ☐ ကျား | | |
| | ၄ | | ☐ မ ☐ ကျား | | |
| | ၅ | | ☐ မ ☐ ကျား | | |
| [illegible] | ၁ | အလယ်တန်းကျောင်း | ☑ မ ☑ ကျား | | |
| | ၂ | မူကြိုကျောင်း | ☐ မ ☐ ကျား | | |
| | ၃ | | ☐ မ ☐ ကျား | | |

နောက်ဆက်တွဲ(၄) ခြားနားသောအပိုင်းများအတွက် ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်

**အနှစ်ချုပ်**

မှုရင်းသည်အား VPSC တွင်ထားရှိရပါမည်။အခြားဌာနများနှင့် ညှိနှိုင်းရန်အတွက် မိတ္တူအား TPIC သို့ပို့ရပါမည်။MIS data အနေဖြင့် သွင်းရန် မလိုအပ်ပါ။

| | အဆင့် | လုပ်ငန်း | မည်သူဦးစားပေးလဲ | ကျေးရွာမှတာဝန်ခံသူ (သို့) အုပ်စု | မြင်ပမှုမည်သူ ထောက်ပံ့ မလဲ |
|---|---|---|---|---|---|
| အခြေခံအဆောက်အဦ | ၁ | | ☐ မ ☐ ကျား | | |
| | ၂ | | ☐ မ ☐ ကျား | | |
| | ၃ | | ☐ မ ☐ ကျား | | |
| | ၄ | | ☐ မ ☐ ကျား | | |
| | ၅ | | ☐ မ ☐ ကျား | | |
| အသက်မွေးဝမ်းကျောင်းမှု/ စိုက်ပျိုးရေး | ၁ | စိုက်ပျိုးရေးနည်းပညာ | ☑ မ ☑ ကျား | | |
| | ၂ | | ☐ မ ☐ ကျား | | |
| | ၃ | | ☐ မ ☐ ကျား | | |
| | ၄ | | ☐ မ ☐ ကျား | | |
| | ၅ | | ☐ မ ☐ ကျား | | |
| ကျန်းမာရေးနှင့် အာဟာရ | ၁ | ကျေးလက်ကျန်းမာရေးဌာနခွဲရရှိပါ | ☑ မ ☑ ကျား | | |
| | ၂ | | ☐ မ ☐ ကျား | | |
| | ၃ | | ☐ မ ☐ ကျား | | |
| | ၄ | | ☐ မ ☐ ကျား | | |
| | ၅ | | ☐ မ ☐ ကျား | | |
| ပညာရေး | ၁ | အလယ်တန်းကျောင်း | ☑ မ ☑ ကျား | | |
| | ၂ | မူကြိုကျောင်း | ☐ မ ☐ ကျား | | |
| | ၃ | | ☐ မ ☐ ကျား | | |

## ၁၁။ အစည်းအဝေးမှတ်တမ်းများ

လူထုဗဟိုပြုစီမံကိန်း

အစည်းအဝေးမှတ်တမ်း

ပြုလုပ်သည့်နေရာ : ဘုန်းကြီးကျောင်း ဗွေ့ဂုံ

ပြုလုပ်သည့်နေ့ရက် : ၂၂ . ၁၁ . ၂၀၁၇ (ဗုဒ္ဓဟူးနေ့)

ပြုလုပ်သည့်အချိန် : နေ့လည် (၁၂) နာရီ

ကျေးရွာအုပ်စုအမည် : ချောင်းသားကျေးရွာအုပ်စု (အဝကောက်ကျေးရွာ)

မြို့နယ်အမည် : ကျောက်တော်

---

အစည်းအဝေးတက်ရောက်သူ - ကျား (၄၁) ဦး ၊ မ (၈၂) ဦး ၊ စုစုပေါင်း = ၁၂၃ ဦး

အစည်းအဝေးပြုလုပ်သည့်အကြောင်းအရာ - ပထမအကြိမ် စီမံကိန်း မိတ်ဆက်အစည်းအဝေး

ရည်ရွယ်ချက် - ကျေးရွာလူထုအား လူထုဗဟိုပြု စီမံကိန်းအကြောင်း သိရှိနားလည်စေရန် နှင့် ကျေးရွာ၏ ဖွံ့ဖြိုးရေး လုပ်ငန်းစဉ်များအား ကျေးရွာလူထုမှ အတူတကွ ပူးပေါင်းပါဝင် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် ၊ ကျေးရွာစေတနာ့ ဝန်ထမ်းများ ထွက်ပေါ်လာစေရန် ရည်ရွယ်ပါသည်။

ဆွေးနွေးချက် - လူထုဗဟိုပြုစီမံကိန်းမှ လူထုစည်းရုံးရေးမှူး ဦးဇော်ကိုအောင် မှ စီမံကိန်း မိတ်ဆက် အကြောင်းအရာ ရှင်းလင်းပြောကြားခြင်း ၊ စီမံကိန်း ကာလကို လည်း အဆိုင်း (၆) ဆိုင်း ၊ အဆင့် (၁၄) ဆင့် ဖြင့် အကောင်အထည် ဖော်ဆောင်ရွက်ရမည် ဖြစ်ကြောင်း ရှင်းလင်းပြောကြားခဲ့ပါသည်။ ထို့နောက် ကျေးရွာစီမံကိန်း အထောက်အကူပြု ကော်မတီတွင် တာဝန် ထမ်းဆောင်ခဲ့သော ကျေးရွာစေတနာ့ဝန်ထမ်းများအား ယခု ဒုတိယသုံးစက် ဝန်း အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ဆက်လက်တာဝန်ထမ်းဆောင် နိုင် ၊ မထမ်းဆောင်နိုင် မေးမြန်းရာ ကျေးရွာစေတနာ့ဝန်ထမ်းက ဆက် လက်တာဝန် ထမ်းနိုင်ကြောင်း ပြောကြားခဲ့ပါသည်။ ထို့နောက် (PRA) Tools များ အကြောင်း ရှင်းလင်းပြောကြား ပြီး ယခင်နှစ်ကလုပ်ပြီး ဖြစ် သော PRA Tools များကို ထပ်မံ မွမ်းမံခြင်း များ ပြုလုပ်သွားရမည်

ဖြစ်ကြောင်း ကျေးရွာလူထုအား ရှင်းလင်း ဆွေးနွေးခဲ့ပါသည်။

ဆုံးဖြတ်ချက်။ • ကျေးရွာစေတနာ့ဝန်ထမ်းများ ၎င်းတို့၏ တာဝန်နှင့် ဝတ္တရားများ အား ရှင်းလင်းပြောကြားပြီး အစည်းအဝေးတက်ရောက်လာသော ကျေးရွာလူထုမှ လည်း ကန့်ကွက်သူ မရှိ သဘောတူညီကြောင်း ဆုံးဖြတ်ခဲ့ပါသည်။ PRA Tools များကို လည်း ကျေးရွာလူထုနှင့်အတူ ထပ်မံဆွေးနွေး၍ ရေးဆွဲ ပြုလုပ်ခဲ့ကြပါသည်။

သဘောတူညီချက်။ • ယခင်က ရှိပြီးဖြစ်သော ကျေးရွာစေတနာ့ဝန်ထမ်းများအား ရွေးချယ်အတည်ပြုခြင်းနှင့် စီမံကိန်းလုပ်ငန်းစဉ်များအား ဆက်လက် လုပ်ကိုင်ရန် သဘောတူညီကြောင်း ဆုံးဖြတ်ပြီး အစည်းအဝေးအား ရုပ်သိမ်းခဲ့ပါသည်။

မှတ်တမ်းတင်သူ

ဦးစကိုအောင်

လူထုစည်းရုံးရေးမှူး

## အစည်းအဝေးမှတ်တမ်း

ပြုလုပ်သည့်နေရာ ။ ဘုန်းကြီးကျောင်း၊ ဓမ္မာရုံ

ပြုလုပ်သည့်နေ့ရက် ။ ၂၃.၁၁.၂၀၁၇ (ကြာသပတေး)

ပြုလုပ်သည့်အချိန် ။ နေ့လည် (၁၂) နာရီ

ကျေးရွာအုပ်စုအမည် ။ မရမ်းအေးကျေးရွာအုပ်စု (အဝကောက်ကျေးရွာ)

မြို့နယ်အမည် ။ ကျောက်တန်း

---

အစည်းအဝေးတက်ရောက်သူ ။ ကျား (၄၁) ဦး၊ မ (၈၂) ဦး၊ စုစုပေါင်း - ၁၂၃ ဦး

အစည်းအဝေးပြုလုပ်သည့်အကြောင်းအရာ ။ စီမံကိန်းလုပ်ငန်းစဉ်များ မဲပေးရွေးချယ်ခြင်း၊ ကျေးရွာ စီ/ထောက် ကော်မတီ အား မဲပေးရွေးချယ်ခြင်း

ရည်ရွယ်ချက် ။ ကျေးရွာလူထုမှ ရေးဆွဲထားသော PRA Tools များ ရှင်းလင်းပြောကြားခြင်း၊ ဖွံ့ဖြိုးရေး လုပ်ငန်းစဉ်များအား ဦးစားပေးအဆင့် ပြန်လည်သတ်မှတ်ခြင်း၊ ကျေးရွာစီ/ထောက် ကော်မတီ အား မဲပေးရွေးချယ်ခြင်း၊ ၎င်းတို့အား အများသဘော ပွင့်လင်းမြင်သာစွာ ပူးပေါင်း လုပ်ဆောင်ရန် ရည်ရွယ်ပါသည်။

ဆွေးနွေးချက် ။ ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေး လုပ်ငန်းများအား ယခု စုဝေးလာရောက်သူတို့ တွင် ပြန်လည် မဲပေးရွေးချယ်ပြီး ဦးစားပေးအဆင့်များ ပြန်လည်သတ်မှတ်နိုင်ကြောင်း၊ ဦးစားပေးလုပ်ငန်းရွေးချယ်ရာတွင် လည်း ရရှိသော ထောက်ပံ့ငွေ၊ ကျေးရွာလူထု၏ အဓိကလိုအပ်ချက်နှင့် အကျိုးအမြတ်ရရှိနိုင်မှု အပေါ်တွင် မူတည်၍ ဦးစားပေးလုပ်ငန်းစဉ်များအား မဲပေးရွေးချယ်ကြရန် ရှင်းလင်းပြောကြားခဲ့ပါသည်။ ထို့နောက် ကျေးရွာ စီမံခန့်ခွဲမှု အထောက်အကူပြု ကော်မတီအား ကျေးရွာလူထုမှ မဲပေး၍ ပြန်လည်ရွေးချယ်နိုင်ကြောင်း ရှင်းလင်းပြောကြားခဲ့ပါသည်။

ဆုံးဖြတ်ချက် ။ ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေး လုပ်ငန်းစဉ်များကို ယခုအကြိမ် ဦးစားပေး လုပ်ငန်းစဉ် အဆင့်များ အတိုင်း သာ သဘောတူ အကောင်အထည်

စေလိုကြောင်း ကျေးရွာလူထုမှ သဘောတူ ဆုံးဖြတ်ခဲ့ ကြပါသည်။ ထို့နောက် ကျေးရွာ စီမံကိန်း အထောက်အကူ ပြု ကော်မတီဝင်များ သက်ဆိုင်ရာ ကဏ္ဍအလိုက် သက်ဆိုင်ရာ လုပ်ကိုင်နိုင်ခြင်း ရှိ၊ မရှိ မေး မြန်းရာ သက်ဆိုင်ရာ လုပ်ကိုင်နိုင်ကြောင်း နှင့် ကျေးရွာလူထု မှ လည်း ကန့်ကွက်သူ မရှိ သဘောတူညီကြောင်း ဆုံးဖြတ်ခဲ့ ကြပါသည်။

ထို့နောက် ဆက်လက်ဆွေးနွေးသော ကျေးရွာငွေစာရင်းကိုင် ရာထူးအတွက် အဆို ပြုသူ အမျိုးသား (၃)ဦးအား မဲပေးရွေးချယ်ရာ ဦးတင်မောင်ဌေး မှ မဲအရေအတွက်အများဆုံး ဖြင့် ကျေးရွာငွေစာရင်းကိုင် ရာထူးအတွက် ရွေးချယ်ခဲ့ ကြပါသည်။

သဘောတူညီချက်။ ။ စီမံကိန်း လုပ်ငန်းစဉ်များ ၊ ကျေးရွာစီမံ ကော်မတီ အား မဲပေး ရွေးချယ်ခြင်းကို အုပ်ချုပ်ရေး မှူး ၊ ရပ်မိရပ်ဖ နှင့်ကျေးရွာလူထုတို့ မှ အတူတကွ ပူးပေါင်း လုပ်ကိုင်ခြင်းအား သဘောတူညီကြောင်း လက်မှတ်ရေးထိုး၍ အစည်းအဝေးအား ရုပ်သိမ်းခဲ့ပါသည်။

မှတ်တမ်းတင်သူ

ဦးဇော်ကိုအောင်

လူထုစည်းရုံးရေးမှူး

ကျေးရွာဖွံ့ဖြိုးရေးစီမံချက်အရည်အသွေးထိန်းချုပ်မှု (Checklist for VDP)

ထိန်းချုပ်သူ- ရက်စွဲ- ရွာ- VDP ရက်စွဲ-

မြို့နယ်- ကျေးရွာအုပ်စု-

(၁) VDP စာရွက်စာတမ်းပြီးဆုံးမှုကို စစ်ဆေးပါ။ (OM အရ)

- မျက်နှာဖုံး (အဖုံး)
- မာတိကာ
- ကျေးရွာအခြေခံ Data
- PSA အကျဉ်းချုပ်နှင့် PRA လုပ်ငန်းစဉ်
- အမျိုးသား/အမျိုးသမီးအဖွဲ့များ၏ အခက်အခဲများ
- ကျေးရွာမျှော်မှန်းချက် (ဆွေးနွေးချက်ရလဒ်)
- အမျိုးသား/အမျိုးသမီးအဖွဲ့များသဘောတူထားသည့် နောင်လေးနှစ်အတွက် ဦးစားပေးလုပ်ငန်းများစာရင်း (အခြေခံအဆောက်အဦး၊အသက်မွေးမှု၊ ပညာရေး၊ လူမှုရေးထိန်းသိမ်းမှု....)

နောက်ဆက်တွဲများ-

- လူမှုရေးအကဲဖြတ်မှု စာရွက်စာတမ်းဓါတ်ပုံနှင့် PRA လုပ်ငန်းစဉ် (ဖြစ်နိုင်လျှင်)၊ မြေပုံများ ပါရမည်၊ စည်းစိမ်ပိုင်ဆိုင်မှုအဆင့်၊ venn ပုံ...
- ကျေးရွာစီမံကိန်းရေးဆွဲရေးအစည်းအဝေးမိတ္တူ
- ကျေးရွာ၏အချက်အလက် (PC 1 ပုံစံ)
- ကျေးရွာမျှော်မှန်းချက်

(၂) လူမှုရေးအကဲဖြတ်မှုအရည်အသွေးနှင့် VDP စစ်ဆေးပါ။

- VDP တွင်ပါဝင်သောဦးရေ (အမျိုးသား/အမျိုးသမီး)- ၊
- လူမှုရေးအကဲဖြတ်မှုအရည်အသွေးနှင့် VDP အတွက် ရက်ပေါင်း-
- PRA ပစ္စည်းများ အသုံးပြုသည့် အရေအတွက်-
- ပါဝင်သောဦးရေနှင့် လုပ်ငန်းများ မှတ်တမ်းတင်ခြင်း (အစည်းအဝေးမှတ်တမ်း၊ အဖွဲ့ဓါတ်ပုံ၊ တိုင်းရင်းသားအနည်းစုနှင့် ထိခိုက်လွယ်သော အဖွဲ့များ)
  - အလွန်ကောင်း
  - ကောင်း
  - ညံ့
- လုပ်ငန်းများ မှတ်တမ်းတင်ခြင်းနှင့် အမျိုးသမီးအဖွဲ့အစည်းအဝေး၏ရလဒ် အားခွဲခြားပေးထားသလား။
  - ရှိ
  - မရှိ
- စီမံကိန်းအရေအတွက် (အမျိုးသား/အမျိုးသမီးရွေးချယ်မှုအရေအတွက်)- ၊
- PRAနှင့်သက်ဆိုင်သောအခြား စီမံကိန်းအရေအတွက် (အမျိုးသား/အမျိုးသမီးရွေးချယ်မှုအရေအတွက်)- ၊